**ဆုံကုန်းကျေးရွာ**

**တောင်တွင်းကြီးမြို့နယ်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆုံကုန်းကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်


( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )


၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ

# မာတိကာ


| | | | စာမျက်နှာ |
|---|---|---|---|
| စကားချီ | | | ၄ |
| တောင်တွင်းကြီးမြို့နယ် ၊ ဆိုကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ | | | ၅ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | | ၆ |
| (၁) | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | | ၆ |
| ၁။ | တည်နေရာနှင့် ပထဝီအနေအထား | | ၈ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | | ၈ |
| ၃။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | | ၈ |
| | (က) | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၈ |
| | (ခ) | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၈ |
| | (ဂ) | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၉ |
| | (ဃ) | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၁၀ |
| | (င) | ပညာရေး | ၁၀ |
| | (စ) | ကျန်းမာရေး | ၁၀ |
| | (ဆ) | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| | (ဇ) | ကျား/မ ရေးရာ | ၁၀ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | | ၁၁ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | | ၁၂ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ | | ၁၃ |
| | ဇယား (၁) | လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၁၃ |
| | ဇယား (၂) | ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ | ၁၄ |
| | ဇယား (၃) | ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၁၄ |
| | ဇယား (၄) | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၁၅ |
| | ဇယား (၅) | ဉစ္စာဓနအဆင့်အခြေအနေ | ၁၇ |
| | ဇယား (၆) | စိုက်ပျိုးနိုင်သော မြေဧရိယာ | ၁၈ |
| | ဇယား (၇) | ကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း | ၁၈ |
| | ဇယား (၈) | မွေးမြူရေးလုပ်ငန်း | ၁၉ |
| | ဇယား (၉) | မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ | ၂၀ |
| | ဇယား (၁၀) | အခြေခံအဆောက်ဦနှင့်ဝန်ဆောင်မှုများ | ၂၁ |
| | ဇယား (၁၁) | ကျေးရွာလမ်းပန်းဆက်သွယ်ရေးအခြေအနေ | ၂၂ |
| | ဇယား (၁၂) | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၂၂ |

ဇယား (၁၃)	သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့်ဝန်ဆောင်မှုများ ၂၃
ဇယား (၁၄)	လျှပ်စစ်မီးရရှိမှု ၂၃
ဇယား (၁၅)	ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ ၂၄
ဇယား (၁၆)	ကျောင်းတက်နှုန်း ၂၄
ဇယား (၁၇)	စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ ၂၅
ဇယား (၁၈)	အဖြစ်များသော ရောဂါများ ၂၆
ဇယား (၁၉)	လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၂၆
ဇယား (၂၀)	ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ) ၂၇
ဇယား (၂၁)	သောက်သုံးရေရရှိမှု ၂၈
ဇယား (၂၂)	သန့်ရှင်းရေးအခြေအနေ(အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်) ၂၈
ဇယား (၂၃)	ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ ၂၉
ဇယား (၂၄)	သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ ၃၀
ဇယား (၂၅)	ကျား/မ ရေးရာ ၃၀
၇။ ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ ၃၁

**စကားချီး**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ ဆုံကုန်းကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံး စတင်ရေးဆွဲသောအစီအစဉ်ဖြစ်ပါသည်။စီမံကိန်းဖြစ်မြောက် ရေးအတွက် ကူညီဆောင်ရွက်ပေးသော တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲ ခြင်း ၊

စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန် ရှိသူများ အားလုံး ကျေးဇူးတင်ရှိပါသည်။

ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိရပ်ဖများနှင့်သာ ရေးဆွဲ တိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစားပေါင်းစုံ စနစ် တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာ လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ် တိုင်ပင်ဆွေးနွေးမှုများတွင် မဆို လူထုပူးပေါင်းပါဝင်နိုင်ရေး အလေးထားဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍ အစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိ လာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်မည် ဖြစ်ပါသည်။ထိုသို့ မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်းဆောင်ရွက် ပေးနိုင်မည့်သင့်လျော်သော အဖွဲ့အစည်းများ ဦးစီးဌာနများထံ တင်ပြတောင်းခံနိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာ လူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော ဆုံကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းစာအုပ်အား စီမံကိန်းကာလအတွင်းသာ အသုံးပြုခြင်း မဟုတ်ဘဲ ပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင်ဖြည့်စွက် ၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဆုံကုန်းကျေးရွာ
တောင်တွင်းကြီးမြို့နယ်

## တောင်တွင်းကြီးမြို့နယ် ၊ ဆုံကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ



ရည်ညွှန်း- တောင်တွင်းကြီးမြို့နယ် ၊ ရေဝေကျေးရွာအုပ်စု ၊ ဆုံကုန်းကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သား များ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်**

**(၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

**(က) ရည်ရွယ်ချက်**

ဆုံကုန်းကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ် သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီ ဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ရေးဆွဲရေးအတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေး ထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သော ကိန်းဂဏန်း ၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်တော်တို့၏ ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်း သတိပြု မိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့ နေရသော ပြဿနာများ ၊ ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက် အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ ၊ (၅)နှစ်တာ ကာလအပြီး တွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်တော်တို့ အနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထား ပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

**(ခ) နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်တော်တို့၏အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိက အဖွဲ့ အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေး ဆိုင်ရာ လိုလားချက်များ ၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာ မြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာ နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ချေးငွေအဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့ အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါသည်။

(ဂ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

၁။ **တည်နေရာနှင့်ပထဝီအနေအထား**

ဆုံကုန်းကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မကွေးခရိုင် ၊ တောင်တွင်းကြီးမြို့နယ် ၊ တောင်တွင်းကြီးမြို့၏ အနောက်တောင်ဘက်ရှိ ရေဝေကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ကျေးရွာ သည် မြေပြန့်ဒေသတွင် တည်ရှိပြီး ရွာ၏တောင်ဘက် (၁)မိုင်ခန့်တွင် တောင်ငူချောင်းနှင့် ရွာ၏ မြောက်ဘက် (၁)မိုင်ခန့်အကွာတွင် ရန်ပယ်ချောင်းတို့ တည်ရှိပြီး မိုးတွင်းကာလချောင်းရေကြီးချိန် များတွင် ရွာ၏ အရှေ့ဘက်လယ်ကွင်းများဆီမှတဆင့် ကျေးရွာဝန်းကျင်တစ်ဝိုက်တွင် ချောင်းရေ လွှမ်းမိုးမှုများ ကြုံတွေ့ရလေ့ရှိပါသည်။

၂။ **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

နှစ်စဉ် မိုးရေချိန် လက်မ (၄၀) ခန့်ရရှိပြီး သဘာဝပေါက်ပင်များမှာ မန်းကျည်း ၊ တမာ ၊ ကုက္ကို၊ ရှား ၊ ထနောင်း စသည့် အပင်များ ပေါက်လေ့ရှိပါသည်။မိုးစပါး စိုက်ပျိုးနိုင်သော လယ်ဧက (၆၅၄) နှင့် ပဲ ၊ နှမ်း ၊ ကြက်သွန်၊မေမြို့ပန်းနှင့်ခရမ်းချဉ် စိုက်ပျိုးနိုင်သော ယာမြေဧက (၂၀၈) ဧကခန့် စိုက်ပျိုးနိုင်သည်။ရွာ၏ တောင်ဘက်ရှိ မိုးကောင်းသောက် လယ်မြေများမှာ မြေအောက်ရေတွင်းမှ ရေကိုစက်ဖြင့် စုတ်ယူတင်ပြီး စိုက်ပျိုးရသောကြောင့် သီးထပ်စိုက်ပျိုး၍ မရနိုင်ပါ။ ကျေးရွာ၏အနီးတွင် ချောင်းများမရှိသော်လည်း မြေအောက်ရေ ရရှိနိုင်သောကြောင့် စက်ရေတွင်းများ တူးဖော်ပြီး ရေတင်စက်များအသုံးပြု၍ ရေသွင်းစိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင် နိုင်ပါသည်။

၃။ **ကျေးရွာရိုကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ဘုန်းကြီးကျောင်းဂေါပကအဖွဲ့ ၊ ဓမ္မရက္ခိတဝတ်အသင်းအဖွဲ့ ၊ အရန်မီးသတ် အဖွဲ့ ၊ ပရဟိတအဖွဲ့ ၊ နာရေးကူညီမှုအဖွဲ့ ၊ ကျန်းမာရေးကူညီမှုအဖွဲ့ ၊ အမျိုးသမီးအဖွဲ့ ၊ လူငယ် အဖွဲ့ စသော အဖွဲ့အစည်းများဖွဲ့စည်းထားရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ဆိုင်သော သာရေး၊ နာရေး၊လူမှုရေးကိစ္စကြီးငယ်များအပေါ်ပေါက်လာလျှင် အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်၍ ဂေါပက အဖွဲ့ ၊ ဝတ်အသင်းအဖွဲ့ ၊ ပရဟိတအဖွဲ့ ၊ လူငယ်အဖွဲ့နှင့် ရွာသူ /သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်း ထားသော်လည်း စနစ်တကျ သင်ယူလေ့ကျင့်မှုများ မရှိသဖြင့် အဖွဲ့၏ စွမ်းဆောင်ရည် အားနည်း နေပါသည်။ပြင်ပမှ အသေးစားချေးငွေ အဖွဲ့များဖြစ်သော ပက်မြန်မာ ၊ BNK ၊ သမဝါယမ ငွေစု ငွေချေးအဖွဲ့နှင့် အစိုးရငွေချေးဘဏ်အဖွဲ့များလည်း ရှိပါသည်။

( ခ ) **စီးပွားရေးနှင့် အသက်မွေးအခြေအနေ**

ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းမှာ စပါးစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြပါသည်။အဓိကသီးနှံ စပါးဖြစ်၍ မတ်ပဲ ၊ စီပီပြောင်း ၊ ပဲတီစိမ်း တို့ကို သီးထပ်အဖြစ် စိုက်ပျိုးနိုင်ပါသည်။ကျေးရွာတွင် စိုက်ပျိုးမြေဧက (၆၅၄)ဧကရှိပြီး စပါး အထွက် နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး (၁၈)တင်း မှ အများဆုံး (၄၂) တင်း ထွက်ပြီးပျမ်းမျှ(၈၀၀)ပိဿာ ကြက်သွန် အထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး(၁၀၀၀)ပိဿာ မှ အများဆုံး (၁၅၀၀)ပိဿာ

ထွက်ပြီး ပျမ်းမျှ (၁၁) တင်း ထွက်ပြီး နှစ်စဉ်ကျေးရွာမှ မိုးစပါး (၂၂၈၉၀) တင်း ထွက်ရှိပါသည်။ ကျေးရွာ၏ ယာမြေများတွင် ပဲ ၊ နှမ်း စသည့် သီးနှံများကို စိုက်ပျိုးကြပါသည်။မြေပဲ အထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး (၄၀)တင်းမှ အများဆုံး (၇၀) တင်းထွက်ရှိပြီး ပျမ်းမျှ (၅၀) တင်း ၊ နှမ်း အထွက်နှုန်းမှာ တစ်ဧကလျှင်အနည်းဆုံး(၇)တင်းမှ အများဆုံး(၁၀)တင်း ထွက်ရှိပြီးပျမ်းမျှ (၈) တင်းခန့် ထွက်ပြီး နှစ်စဉ်ကျေးရွာမှ ပဲ (၄၇၀၀) တင်း၊ နှမ်း (၈၀၀) တင်းခန့် ထွက်ရှိပါသည်။ မြေအောက်ရေ ရရှိသော်လည်း သီးထပ် စိုက်ပျိုးမှု မရှိကြပါ။သီးနှံထုတ်ကုန်များ အတွက် ဈေးကွက် အချိတ်အဆက်နှင့် ရောင်းချရေးစနစ်များ ဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုက စွမ်းဆောင်နိုင်ခြင်း မရှိပါ။

မိရိုးဖလာနည်းဖြင့်သာ သီးနှံစိုက်ပျိုးကြသောကြောင့် စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်မှု မရှိခြင်းနှင့် စိုက်ပျိုးရေးနည်းပညာအားနည်းခြင်းတို့ကြောင့် သီးနှံများ အထွက်နှုန်း နည်းသည်ဟု ယူဆရပါသည်။ စပါး ၊ မြေပဲ ၊ နှမ်းတို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှု နည်းပါသည်။သီးနှံထုတ်လုပ်မှုမှာ ဝင်ငွေနည်းပါးသည့်အတွက် လူငယ်များ သည် ပြည်တွင်း ပြည်ပသို့ ထွက်၍ ဝင်ငွေရှာကြရပါသည်။အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှု တွင် လုပ်သားရှားပါးလာပါသည်။သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ စိုက်ပျိုးရေးနည်းပညာ သင်တန်းများဖွင့်လှစ်ပေးခြင်းနှင့်စိုက်ပျိုးရေးသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချ ပေးနိုင်ခြင်းများ ရရှိပါက ကျေးရွာ၏ စိုက်ပျိုးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ရပါသည်။

ကျေးရွာတွင် တောင်သူများအပြင် ကျပန်းလုပ်ကိုင်ကြသူများ ရှိသော်လည်း ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ အတတ်ပညာနှင့် ကျွမ်းကျင်မှုအားနည်းခြင်းတို့ကြောင့် အသက်မွေးမှုအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ထို့ကြောင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အသက် မွေးဝမ်းကြောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချပေးမည်ဆိုပါက ကျေးရွာ၏ စီးပွား ရေး နှင့် အသက်မွေးမှုအခြေအနေမှာ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

(ဂ) **အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင် ကျေးရွာသူ/သားများအားလုံးသည် သန့်ရှင်းသော သောက်သုံးရေသုံးစွဲရန် အဝီစိတုံကင်တွင်းများ တူးဖော်အသုံးပြုကြပါသည်။ကျေးရွာရှိ အိမ်ထောင်စု (၈၀%)ခန့်သည် ရေတွင်း ၊ အဝီစိတုံကင်တွင်းများမှလည်းကောင်း ၊ စက်တပ်၍ လည်းကောင်း ၊ သောက်သုံးရေများ ရရှိနိုင်ကြပါသည်။

ကျေးရွာတွင် လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးတွင်းကာလ မိုးများချိန်တွင် ရွံ့ဗွက် များ ထူထပ်သဖြင့် သွားလာရန် အခက်အခဲရှိပါသည်။ထို့ကြောင့် မြေနီကျောက်စရစ် လမ်းအဖြစ် အဆင့်မြှင့်တင်လျှင် ကျေးရွာ၏ သွားလာရေး ပိုမိုလွယ်ကူမည်ဖြစ်ပြီး ရွာသူ/သားများအတွက် ပိုမို အကျိုးရှိမည်ဖြစ်သဖြင့် ရွာချင်းဆက်လမ်းများအား မြေနီကျောက်စရစ်လမ်းခင်းခြင်းသည် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဦးစားပေး စီမံချက်ဖြစ်ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ လယ်တစ်ဧကလျှင် ၁ သိန်း - ၅ သောင်း နှုန်း ၊ ယာတစ်ဧကလျှင် ၅ သောင်းနှုန်း ထုတ်ချေးပါသည်။အခြားအသေးစားချေးငွေ ဝန်ဆောင်မှု များဖြစ်သော ပက်မြန်မာ ၊ သမဝါ ယမ ၊ BNK ၊ ငွေစုငွေချေး များရှိသော်လည်း တောင်သူ
လယ်သမားများသာ မကပဲ အခြားစီးပွားရေးလုပ်ငန်းများ ထူထောင်ရန် ဥပမာ-တစ်နိုင်တစ်ပိုင် မွေးမြူရေး ၊ အရောင်းအဝယ်လုပ်ငန်းများအတွက် ချေးငွေများ လိုအပ်ပါသည်။

( င ) **ပညာရေး**

ကျေးရွာတွင် မူလတန်း(၁)ကျောင်း နှင့် မူလတန်းလွန်ကျောင်း (၁)ကျောင်းရှိပြီး ဆရာ/ဆရာမ (၉) ဦးရှိပြီး ဆရာမ (၂) ဦးမှာ ပြောင်းရွှေ့သွားသည့်အတွက် (၇) ဦးသာ ရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းအဆင့်အတွက် ရွာနှင့် (၁၂)မိုင်ဝေးသော တောင်တွင်းကြီးမြို့ (အထက- ၂ ) နှင့် (၂)မိုင်ခန့် ကွာဝေးသော ကုက္ကိုခွကျောင်း ၊ ကိုးပင်ကျောင်းတို့တွင် သွားရောက် ပညာသင်ကြားရပါသည်။

( စ ) **ကျန်းမာရေး**

ကျန်းမာရေးဝန်ဆောင်မှုများအတွက် ကျေးရွာတွင် ဆေးခန်းရှိပြီး တာဝန်ကျ ဆရာမ (၁)ဦး ဆရာ (၁)ယောက် ရှိပါသည်။ကျေးရွာတွင် ကျန်းမာရေးနှင့်စပ်လျဉ်း၍ ကိုယ်ဝန်ဆောင်မိခင်များ ၊ မြွေကိုက် လူနာ များနှင့် အရေးပေါ် လူနာများမှာ ရွာနှင့်(၁၂)မိုင်ခန့်ဝေးသော တောင်တွင်းကြီးဆေးရုံ နှင့် သစ်ရာကောက် ဆေးရုံသွားပြီး ဆေးကုသခံယူရပါသည်။ကလေးသူငယ်များအတွက် ကျန်းမာရေး ကာကွယ်ဆေး တိုက်ကျွေးသော အစီအစဉ်များကိုလည်း ကျန်းမာရေးဌာနမှ နှစ်စဉ် ဆောင်ရွက် ပေးပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးပြီး ဓာတုဗေဒ ကွန်ပေါင်း မြေသြဇာများ အသုံးပြုခြင်း ၊ သဘာဝသစ်ဆွေးမြေသြဇာများ နှစ်စဉ် မထည့်သွင်းနိုင် ခြင်းကြောင့် မြေဆီလွှာ ပျက်ယွင်း မှုများ နှင့် ကြုံတွေ့နေရပါသည်။စိုက်ခင်းများတွင် ပိုးသတ်ဆေးများ အသုံးပြု ရသောကြောင့် သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ် လျော့ပေါ့ရေး အတွက် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင် အားနည်းသေးကြောင်း တွေ့ရှိရပါသည်။ချောင်းမြောင်းများ နှင့် ကန်များ တိမ်ကောလာသောကြောင့် မိုးရာသီ ၊ မိုးရက်ဆက် ရွာသွန်းလျှင် စပါးခင်းများ ရေမြုပ်ခံရ သောကြောင့် အချို့ တောင်သူများ၏ စပါးခင်းများ ရေနစ်ပျက်စီး၍ နောက်တစ်ကြိမ် ပြန်လည် စိုက်ပျိုးရခြင်းများ ကြုံတွေ့ရပါသည်။

( ဇ ) **ကျား / မ ရေးရာ**

ကျား/မ ဆိုင်ရာ အခွင့်အရေးများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားက ဦးဆောင်လေ့ရှိသည်။အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက် ၊ ရေခတ် ၊ ကလေးထိန်း စသော ကိစ္စရပ်များ ဆောင်ရွက်ရသည်။လယ်ယာလုပ်ငန်းခွင်တွင် အမျိုး သမီးများသည် ပေါင်းနှုတ်ခြင်း ၊ ကောက်စိုက်ခြင်း ၊ အမျိုးသားများသည် လယ်ထွန်ခြင်း လုပ်ငန်းများကို လုပ်ကိုင် ကြသည်။ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် ရှင်ပြု အလှူပွဲများ ကျင်းပခြင်း ၊ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများ ကျင်းပခြင်း ၊ အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ကြသည်။လယ်ယာ လုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြသည်။ဒေသတွင် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။

၄။ **တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန**

**ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ**

| **စဉ်** | **ကျေးရွာအုပ်စု** | **ကျေးရွာအမည်** | **စီမံချက်အမည်** | **ဦးစားပေးအဆင့်** | **မှတ်ချက်** |
|---|---|---|---|---|---|
| ၁ | ရေဝေ | ဆုံကုန်း | ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း | ၁ | |
| | | | စာသင်ကျောင်းဆောင်ပြင်ဆင်ခြင်း | ၂ | |
| | | | ဆိုလာ Mini Grid ရရှိရေး | ၃ | |
| | | | ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ရေး | ၄ | |
| | | | စိုက်ပျိုးရေးအတွက် ရေတွင်းဖြစ်မြောက်ရေး နှင့်ရေတင်စက်ရရှိရေး | ၅ | |
| | | | အတိုးနှုန်းသက်သာသောချေးငွေရရှိရေး | ၆ | |
| | | | မီးသတ်ရေလှောင်ကန် တည်ဆောက်ပေးရေး | ၇ | |
| | | | မွေးမြူရေးအတွက် ရန်ပုံငွေထူထောင်ပေးရေး | ၈ | |
| | | | ကျန်းမာရေးဟောပြောပွဲများပြုလုပ်ပေးခြင်း | ၉ | |
| | | | ဗဟုသုတရရှိမည့် စာအုပ်များရရှိရေး | ၁၀ | |
| | | | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၁၁ | |
| | | | အားကစားကွင်းပြင်ဆင်ခြင်း | ၁၂ | |

၅။ **တောင်တွင်းကြီးမြို့နယ် ၊ ဆုံကုန်းကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ**

| စဉ် | လုပ်ငန်းအမည် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း | ၁ | √ | | | | |
| ၂ | စာသင်ကျောင်းဆောင်ပြင်ဆင်ခြင်း | ၂ | | | √ | | |
| ၃ | ဆိုလာ Mini Grid ရရှိရေး | ၃ | | | | | √ |
| ၄ | ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့် တင်ရေး | ၄ | | √ | | | |
| ၅ | စိုက်ပျိုးရေးအတွက် ရေတွင်းဖြစ်မြောက် ရေးနှင့်ရေတင်စက်ရရှိရေး | ၅ | | √ | | | |
| ၆ | အတိုးနှုန်းသက်သာသောချေးငွေ ရရှိရေး | ၆ | | | √ | | |
| ၇ | မီးသတ်ရေလှောင်ကန် တည်ဆောက် ပေးရေး | ၇ | | | √ | | |
| ၈ | မွေးမြူရေးအတွက် ရန်ပုံငွေ ထူထောင် ပေးရေး | ၈ | | | | | √ |
| ၉ | ကျန်းမာရေး ဟောပြောပွဲများပြုလုပ် ပေးခြင်း | ၉ | | | | | √ |
| ၁၀ | ဗဟုသုတရရှိမည့် စာအုပ်များရရှိရေး | ၁၀ | | | √ | | |
| ၁၁ | အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၁၁ | √ | | | | |
| ၁၂ | အားကစားကွင်းပြင်ဆင်ခြင်း | ၁၂ | | | | | √ |

၆။ **ကျေးရွာဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) ဆုံကုန်းကျေးရွာ၏ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁ | ၇ | ၈ |
| ၁ နှစ်မှ ၄ နှစ်အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၅ | ၁၅ | ၃၀ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၄၂ | ၁၇ | ၅၉ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၈ | ၂၄ | ၅၂ |
| ၁၅ နှစ်မှ ၆၄ နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၆ | ၂၇၀ | ၅၂၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၉ | ၃၈ | ၅၇ |
| **စုစုပေါင်း** | | **၃၆၁** | **၃၇၁** | **၇၃၂** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၁၇၀** | | |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဆုံကုန်းကျေးရွာ၏ အလုပ်လုပ်နိုင်သူ လူဦးရေမှာ (၇၂%) ရှိပြီး အလုပ်လုပ်နိုင်သူဦးရေများသည်ကို တွေ့ရှိရပြီး လူ့စွမ်းအား အရင်းအမြစ် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

**(၂) သဘာဝရင်းမြစ်နှင့်ဝ့်ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ဝ့်ဝ် ရေအရင်းအမြစ်အခြေအနေ**

ဇယား (၂) ဆုံကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်ဝ်၊ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သောရေ အရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊မြစ်၊စိမ့်ဝ် စမ်း စသည့်ဝ်) |
|---|---|---|---|---|
| လယ်မြေ | ၆၅၄ | သင့်ဝ် | အနည်းအကျဉ်း | မြေအောက်ရေ |
| ယာမြေ/တောင်ယာမြေ | ၁၉၄ | သင့်ဝ် | - | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | ၁ | ညံ့ | - | - |
| မြေလွတ် မြေလပ် | ၁ | ညံ့ | - | - |
| **စုစုပေါင်း** | **၈၅၀** | | | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဆုံကုန်းကျေးရွာသည် လယ်မြေဧက (၆၅၄)ဧကရှိသော်လည်း မြောင်းဝင် စိန်လယ်ထက် အင်တိုင်းမိုးကောင်းသောက်လယ်များပြားနေ၍ မြေအောက်ရေ ၊ အဝီစိရေ ၊စက်ဖြင့်ဝ် မောင်းတင်၍ လယ်အောင်မြင်အောင် ဆောင်ရွက်ရပါသည်။မိုးခေါင်နှစ်များတွင် အရင်းအနှီး ပို၍ ကုန်ကျပါသဖြင့်ဝ် တောင်သူများအတွက် ဝင်ငွေရရှိမှုနည်းကြောင်း တွေ့ရှိရပါသည်။

**(၂.၂) ဓာတ်သတ္တုနှင့်ဝ့်အခြားသဘာဝအရင်းအမြစ်များ**

ဇယား(၃) ဆုံကုန်းကျေးရွာ၏ ဓာတ်သတ္တုနှင့်ဝ့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ၊သင့်ဝ်၊နည်း၊မရှိ) | အသုံးပြုနိုင်မှု (လွယ် ၊ ခက် ၊ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန်(ဓာတ်ငွေ့၊ရေနံ) | | |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု) ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့်ဝ် သဘာဝအရင်းအမြစ် | | |
| တိရိစ္ဆာန်မျိုးစိပ်များ | သင့်ဝ် | လွယ် |
| အပင်မျိုးစိပ်များ (လူ၊တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော | သင့်ဝ် | လွယ် |
| ပျမ်းမျှအပူချိန် - ၁၀၉ F | ပျမ်းမျှမိုးရေချိန် - ၄၀” | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဆိုကုန်းကျေးရွာ နယ်နိမိတ်အတွင်း သဲကိုလွယ်ကူစွာရရှိပြီး သဘာဝအပင်မျိုးစိပ်များမှာ မန်းကျည်း ၊ တမာ ၊ ထနောင်း ၊ ကုက္ကို ၊ မာလကာ ၊ ဩဇာ ၊ သရက် ၊ ရှောက်ပင် ၊ ငှက်ပျော ၊ ခရမ်းချဉ် ၊ ကြက်သွန် ၊ မေမြို့ပန်း ၊ ငရုတ် ၊ ဟင်းငုတ် ၊ ကျွဲပေါက် ၊ ဆင်တုံးမနွယ် ၊ ထိန်ပင် ၊ စပါး ၊နှမ်း ၊ မြေပဲ တို့ ထွက်ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(၃) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခနဝ့်ခွဲမှုအခြေအနေ**

ဇယား(၄) ဆိုကုန်းကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်ဝ့်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | လူမှုရေးအဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး√ ငွေကြေး√<br>ကျန်းမာရေး√ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှငဝ့်ကာကွယ်ရေး□ | - |
| ၂ | အုပ်ချုပ်ရေး အဖွဲ့ | ၁√၂□ ၃ □ | ပညာရေး √ငွေကြေး√<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှငဝ့်ကာကွယ်ရေး√ | - |
| ၃ | ဘာသာရေး အဖွဲ့ | ၁□၂ □၃√ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှငဝ့်ကာကွယ်ရေး | - |
| ၄ | လူငယ် အဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး □ငွေကြေး □<br>ကျန်းမာရေး□ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှငဝ့်ကာကွယ်ရေး□ | - |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၅ | အမျိုးသမီးအဖွဲ့ | ၁☐၂ √ ၃ ☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | - |
| ၆ | မီးသတ်အဖွဲ့ | ၁☐၂ √ ၃ ☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး √ | - |
| ၇ | နာရေးကူညီမှုအဖွဲ့ | ၁☐၂ √ ၃ ☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး √ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | - |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဆုံကုန်းကျေးရွာတွင် လူထုအခြေပြု အဖွဲ့အစည်းများ ၊ အုပ်ချုပ်ရေး ၊ ဘာသာရေး ၊ ကျန်းမာရေးနှင့် နာရေးကူညီရေး စသည့်အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းထားပြီး ငွေကြေးနှင့် ပက်သက်၍ ထုတ်ပေးသော အဖွဲ့အစည်းများမှာ စိုက်/ဘဏ် ၊ သမဝါယမအသင်းများရှိသည်ကိုတွေ့ရှိရပါသည်။ အမျိုးသမီးရေးရာနှင့် မီးသတ်အဖွဲ့အစည်းရှိသဖြင့် အမျိုးသမီးများ အတွက် လုံခြုံမှုရရှိပြီး ၊ အရန်မီးသတ်များရှိသောကြောင့် ကျေးရွာ၏ မီးဘေးလုံခြုံရေးအတွက် အလွန်အထောက်အကူပြုသည်ကို တွေ့ရှိရပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၅) ဆုံကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၀ ဧက | ၁၀ ဧက | ၆ ဧက | မြေယာမဲ့ |
| အိမ်အခြေအနေ | ၄ပင် ၊ တိုက်အိမ်၊သွပ်မိုး ၊ထရံကာ | (၄)ပင် ၊ သွပ်မိုး ထရံကာ | (၃)ပင် ၊ သွပ်မိုး ထရံကာ | မြေစိုက် ၊ စုံပင် အိမ်၊ထရံကာ ၊ သက္ကယ်မိုး |
| ကုန်ထုတ်လုပ်မှု နှင့်ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ထွန်စက်ကွ န်ဒေါင်း၊ သုံးဘီး ဆိုင်ကယ်၊ နွားလှည်း | ဆိုင်ကယ်၊လှည်း | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၁၂ | ၁၁၇ | ၃၇ | ၄ |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ စီးပွားရေးမှာ လယ် ၊ ယာ စိုက်ပျိုးရေးနှင့် အသက် မွေးဝမ်းကြောင်း လုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်ကြရပါသည်။ ကျေးရွာ၏ အဓိကသီးနှံမှာ နှမ်း ၊ မြေပဲ နှင့် စပါး စိုက်ပျိုး၍ ဆောင်းရာသီတွင် ကြက်သွန်နှင့် မေမြို့ပန်း စိုက်ပျိုးရေး လုပ်ကိုင် ဆောင်ရွက်ပါသည်။ ကျေးရွာ၏အိမ်ထောင်စုတစ်ဝက်သည် တောင်သူလယ်ယာ လုပ်ငန်း လုပ်ကိုင် ကြပြီး၊ကျန်အိမ်ထောင်စုများမှာ ကျပန်းလုပ်ငန်းလုပ်ကိုင်စားသောက်ကြကြောင်း လေ့လာ တွေ့ရှိရ ပါသည်။

## (၄.၂) သီးနှံထုတ်လုပ်မှု

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၆) ဆုံကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု ရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၇ | ၂၂ | မြေမဲ့ ယာမဲ့ |
| ၂ | ၂.၅ ဧကအောက်(၁ဟက်တာထိ) | ၂၅ | ၁၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ဧကအထိ(ဟက်တာထိ) | ၄၂ | ၂၅ | တောင်သူငယ် |
| ၄ | ၅ဧကမှ ၁၂.၅ဧကထိ (၅ ဟက်ထာထိ) | ၅၁ | ၃၀ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် (၅ ဟက်တာနှင့်အထက်) | ၁၅ | ၉ | တောင်သူကြီး |
| | ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း | ၁၇၀ | | |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း-
လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
(၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

**လေ့လာတွေ့ရှိချက်။** ။ဆုံကုန်းကျေးရွာသည် ကောင်းမွန်သော စိုက်ပျိုးမြေအသင့်အတင့်သာရှိ၍ မြေယာမဲ့ အိမ်ထောင်စုများမှာ အလုပ်သမားများအဖြစ် လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

### (၄-၂-၂) ဆုံကုန်းကျေးရွာ၏ အဓိက သီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၆၅၄ | တင်း | ၁၅ | ၄၂ | ၃၅ | - |
| နှမ်း | ၁၀၀ | တင်း | ၄၀ | ၇၀ | ၅၀ | - |
| မြေပဲ | ၉၄ | တင်း | ၇ | ၁၀ | ၈ | - |
| ကြက်သွန် | ၁၀ | ပိဿာ | ၁၀၀၀ | ၁၅၀၀ | ၈၀၀ | - |
| မေမြို့ပန်း | ၃ | အရေအတွက် | ၃၀၀၀၀ | ၅၀၀၀၀ | ၃၅၀၀၀ | - |
| ခရမ်းချဉ် | ၁ | ပိဿာ | ၄၀၀၀ | ၉၀၀၀ | ၅၀၀၀ | - |

ရင်းမြစ်-ဦးတည်အုပ်စုဆွေးနွေးခြင်း၊ လယ်သမားအုပ်စု ။

**လေ့လာတွေ့ရှိချက်။** ။ဆုံကုန်းကျေးရွာသည် ယာမြေထက်လယ်မြေဧကစိုက်သူပိုများပြီး လယ် စိန်မြေထက် မိုးကောင်းသောက် အင်တိုင်း လယ်မြေများ ပိုများပါသည်။ အခြားစိုက်ပျိုးရေး ဖြစ်သည့် ကြက်သွန် ၊ မေမြို့ပန်း နှင့် ခရမ်းချဉ် သီးပင်များကိုလည်း စိုက်ပျိုးကြောင်းတွေ့ရှိပြီး ၊ သီးနှံထွက်ရှိမှုမှာ အသင့်အတင့်သာ ထွက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈)ဆိုကုန်းကျေးရွာ၏ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော ကောင်ရေအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၃၈ | ၅၈၁ |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၆ | ၆ |
| ကြက် | ၇၇ | ၆၆၉ |
| ဘဲ | - | - |
| နွားနောက် | - | - |
| ငါးလုပ်ငန်း | - | - |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

